UNHCR
The UN Refugee Agency

# မလေးရှားနိုင်ငံ၌ ဒုက္ခသည်လျှောက်သူများအတွက် သိထားသင့်သည့် အခြေခံအချက်များ

## ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အခန်းကဏ္ဍ

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(**UNHCR**)သည် ကမ္ဘာ့ကုလသမဂ္ဂ ရုံးချုပ် လက်အောက်ခံ ဖြစ်ပြီး၊ ဒုက္ခသည်များ၏အရေးအား ဆောင်ရွက်ပေးရန်အတွက် ၁၉၅၁ခုနှစ်တွင် စတင်တည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ ကုလသမဂ္ဂ မဟာမင်းကြီးရုံးသည် ဒုက္ခသည်များ၏ အခွင့်အရေးများအား ကာကွယ်ပေးရန်၊ ၄င်းတို့၏ အကျိုးမြှင့်တင်ပေးရန်နှင့် ရေရှည်လုံခြုံရေးအတွက် ကူညီဆောင်ရွက်ပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။

## ဒုက္ခသည်ဆိုသည်မှာ မည်သူဖြစ်သနည်း

**၁၉၅၁ခုနှစ် ဂျီနီဗာညီလာခံဆုံးဖြတ်ချက်အရ ဒုက္ခသည်အဖြစ် သတ်မှတ်ရာတွင် ဒုက္ခသည်တစ်ဦးသည် မိမိ၏မိခင် နိုင်ငံပြင်ပသို့ ရောက်ရှိနေပြီး လူမျိုးရေး၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံသား ဖြစ်တည်မှုတို့ကြောင့် ကြောက်လန့်ဖွယ်ဖြစ်အောင် ခြိမ်းခြောက်ခံရသော်လည်းကောင်း၊ နိုင်ငံရေးခံယူချက် သို့မဟုတ် လူမှုအဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ပြီး ကြောက်လန့်မှုကြောင့် မိမိနိုင်ငံသို့ ပြန်၍ မရနိုင်သောသူများ၊ မပြန်လိုသူများအား ဒုက္ခသည်အဖြစ် သတ်မှတ်ပေးရမည် ဟူ၍ ဆိုထားပါသည်။**

မှတ်သားထားရမည့် အချက်တစ်ခုမှာ ဒုက္ခသည်အဖြစ် လျှောက်ထားသောသူများသည် ဆိုးရွားသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ခဲ့ကြောင်း ခိုင်လုံသောအထောက်ထားများ တွေ့ရှိပါက၊ ဒုက္ခသည်အဖြစ် သတ်မှတ်ပေးမည် မဟုတ်ပါ။

## ကုလသမဂ္ဂမဟာမင်းကြီးရုံးတွင် မည်ကဲ့သို့ မှတ်ပုံတင်ရမည်နည်း

ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၌ မှတ်ပုံတင်ခြင်းသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက သင့်အား ကာကွယ်မှုပေးနိုင်ရန်အတွက်ပထမခြေလှမ်းပင် ဖြစ်ပါသည်။

မှတ်ပုံတင်ပြုလုပ်ရာတွင်၊ သင်၏ကိုယ်ရေးမှတ်တမ်းအား မှတ်တမ်းတင်ခြင်း၊ သင်လာရာလမ်းကြောင်းကို မှတ်တမ်းတင်ခြင်း၊ မည်သည့်ကိစ္စကြောင့် ဒုက္ခသည်လျှောက်ရကြောင်း၊ ဓါတ်ပုံရိုက်ယူခြင်း နှင့် လက်ဗွေနှိပ်ခြင်းများ ပါဝင်သည်။

မှတ်ပုံတင်ရာတွင် မြန်မာနိုင်ငံသားများနှင့်၊ အခြားသောနိုင်ငံသားများဟူ၍ နှစ်မျိုးခွဲခြား သတ်မှတ် ထားပါသည်။

### မြန်မာနိုင်ငံသားမဟုတ်သောသူများ

မှတ်ပုံတင်ရန်အတွက် ဗုဒ္ဓဟူးနေ့တိုင်း (တရားဝင်ရုံးပိတ်ရက်မှလွဲ၍) နေ့လည် ၁၂ နာရီ တိတိတွင် လူသစ်များ မှတ်ပုံတင်ရန်အတွက် စတင်လက်ခံ ပေးမည်ဖြစ်သည်။ အထက်တွင် ဖေါ်ပြထားသည့် အချိန်ထက် စောပြီးရောက်ရှိခဲ့လျှင်လည်း ဦးစားပေး ဆောင်ရွက်ပေးမည်မဟုတ်ပါ။ အချိန်အပြောင်းအလဲခြင်းရှိပါက ရုံးရှေ့ရှိ ကြော်ငြာ ဆိုင်းဘုတ်ပေါ်တွင် ဖေါ်ပြပေးပါမည်။

### မြန်မာနိုင်ငံသားများ

တရားဝင် မှတ်ပုံတင်ခွင့်ရထားသော ဒုက္ခသည်အမြောက်အများ စောင့်ဆိုင်းလျက် ရှိနေသောကြောင့် နောက်ထပ် မှတ်ပုံတင်အသစ် လျှောက်ထားမည့်သူများကို ဒုက္ခသည် အဖွဲ့အစည်းအသီးသီးနှင့် အနီးကပ် ဆွေးနွေးတိုင်ပင်ပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ သည်။

### မှတ်ပုံတင်သည့်နေ့တွင် မည်သည့်အရာများ ယူလာရမည်နည်း။

- ချိန်းဆိုထားသောရက်တွင် လိုအပ်သော စာရွက်စာတမ်းများအား ယူဆောင်လာ ပါ။

  ဥပမာ။ ။ နိုင်ငံကူးလက်မှတ်များ၊ မှတ်ပုံတင် အထောက်အထား စာရွက်များ၊ လက်ထပ်စာချုပ်၊ မွေးစာရင်း၊ သန်းခေါင်စာရင်း (ဝါ) မှတ်ပုံတင်။
- **UNHCR** မှ ထုတ်ပေးထားသော စာရွက်ရှိပါက ယူဆောင်လာပါ။

  ဥပမာ။ ။ ရက်ချိန်း ကဒ်ပြား၊ ရက်ချိန်းအတွက် ထောက်ခံစာ။
- မိခင်နိုင်ငံမှ ဘယ်လို၊ ဘာကြောင့် ထွက်ပြေးစွန့်ခွာခဲ့ရကြောင်း အဖြစ်အ ပျက်အားလုံး ပေါ်လွင်အောင် သင်နှစ်သက်ရာ ဘာသာစကားဖြင့် အသေးစိပ်ရေးသားပြီး ယူဆောင်လာပါ။

### မှတ်သားထားရန် အချက်များမှာ

- ခိုလှုံခွင့်လျှောက်မည့်သူအားလုံး(မိသားစုဝင်များ သို့မဟုတ် မှီခိုနေထိုင်သူများ)သည် မှတ်ပုံတင်ရန်အတွက် ရုံးသို့ ရောက်ရှိနေရမည် ဖြစ်သည်။
- မှတ်ပုံတင်သည့်အခါတွင် မှန်ကန်ပြည့်စုံသည့် အချက်အလက်များအားလုံး ဖေါ်ပြရပါမည်။
- မပြည့်စုံသော သို့မဟုတ် မမှန်ကန်သော အချက်များကြောင့် သင့်အမှုအား ထိခိုက်စေနိုင်ပါသည်။ လျှောက်ထားသူတိုင်းသည် ကိုယ်ပိုင်ဖိုင်တွဲနံပါတ်များ ရရှိမည်ဖြစ်ပြီး ရုံးနှင့်ဆက်သွယ်တိုင်း ထိုနံပါတ်ကို အမြဲ ကိုးကား၍ ဖေါ်ပြရပါမည်။
- မိမိအလှည့်ရောက်ရန် တနေ့ကုန် အချိန်ပေးရပါလိမ့်မယ်။ ကျေးဇူးပြု၍ သည်းခံပါ။
- **UNHCR** ၌ မှတ်ပုံတင်ပြီးသည်နှင့် ခိုလှုံခွင့်လျှောက်ထားသူ တစ်ဦးဖြစ်ကြောင်း ထောက်ခံစာတစ်စောင် ထုတ်ပေးမည်၊ နောက်ထပ်တွေ့ဆုံရန်အတွက် ချိန်းဆိုထားသည့်နေ့တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။ ရက်ချိန်းကဒ်ပြား တစ်ခုကိုပါ ထုတ်ပေးမည် ဖြစ်ပါသည်။

### မိမိ၏ အမှုတွဲနှင့်အတူ မိသားစုဝင်များ ထည့်ပေါင်းခြင်း

- သင့်အမှုတွဲ၌ မိသားစုဝင်များအား ထည့်ပေါင်းနိုင်ပါသည်။
- အကယ်၍ သင်သည် မှတ်ပုံတင်ထားပြီး **RSD** ဖြေဆိုရန် စောင့်နေသူဖြစ်ပါက မှတ်ပုံမတင်ရသေးသော မိသားစုဝင်များကို **RSD** ဖြေဆိုသည့်နေ့တွင် မိမိအမှုတွဲထဲသို့ ထည့်ပေါင်းခွင့် ရှိပါသည်။ သင်၏ **RSD** ဖြေဆိုခြင်းအတွက် ရက်ချိန်းကဒ်ပြားကို ပေးထားမည်ဖြစ်သည်။
- သင်သည် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံထားရသူဖြစ်ပါက မိမိ၏ မိသားစုဝင်များအား မိမိအမှုတွဲထဲ၌ ထည့်ပေါင်းရန်အတွက် စာရေး၍ သော်၄င်း၊ ဖက်စ်နံပါတ် **၆၀၃–၂၁၄၁ ၁၇၈၀** သို့၄င်း၊ အီးမေးလ် **mlslureg@unhcr.org** သို့ ပေးပို့ ဆက်သွယ်နိုင်ပါသည်။

*မှတ်ပုံတင်ခြင်းကိစ္စနှင့် ပတ်သက်၍ သိလိုရာများအား အထက်ဖေါ်ပြပါ လိပ်စာများအတိုင်း ဆက်သွယ်နိုင်ပါသည်။*

## ဒုက္ခသည်အဖြစ် သတ်မှတ်ခြင်း(RSD) အတွက် UNHCR ၏အဆင့်ဆင့် ဆောင်ရွက်ခြင်း

သင်သည် မှတ်ပုံတင်ပြီးသည်နှင့် ဒုက္ခသည်အဖြစ် သတ်မှတ်ပေးခြင်း **(RSD)** အတွက် ချိန်းဆိုရာအဆင့်တွင် အချိန် တစ်နှစ်ခန့် ကြာနိုင်ပါသည်။

**(RSD)** ဖြေဆိုခြင်းအားဖြင့် သင့်အား ဒုက္ခသည်အဖြစ် သတ်မှတ်ပေးနိုင်မည် ဖြစ်ပါသည်။

### ဒုက္ခသည်အဖြစ် သတ်မှတ်ပေးနိုင်ရန်အတွက် ဖြေဆိုနေသည့်အချိန်တွင်

- သင့်လျှောက်လွှာအား အထောက်အကူဖြစ်စေမည့် စာရွက်စာတမ်း အထောက်အထားအားလုံးကို တင်ရမည်။
- အမှန်တရားကိုသာ ဝန်ခံထွက်ဆိုပြီး ပူးပေါင်းဆောင်ရွက်ပါ။
- သင်နှင့်အတူ ပါလာသည့်မိသားစုဝင်များအတွက် အကြောင်းကြားရမည်။ အသက်ပြည့်ပြီးသောသူတိုင်း (၁၈–နှစ်အထက်)အား သီးခြားမေးမြန်းမည် ဖြစ်ပါသည်။

### ဒုက္ခသည်အဖြစ် သတ်မှတ်ပေးရေးအတွက် အဆင့်ဆင့်ဆောင်ရွက်နေသည့်အချိန်တွင်

### သင့်အတွက် အခွင့်အရေးများမှာ –

- သင်ကျွမ်းကျင်စွာ ပြောတတ်သော ဘာသာစကားအားဖြင့် ဖြေဆိုခွင့်ရှိပါသည်။
- ဒုက္ခသည်အဖြစ် သတ်မှတ်ပေးနိုင်ရန်အတွက် ဖြေဆိုနေသည့်အချိန်တွင် သင့်အား အကြံပေး ကူညီပေးမည့် ဥပဒေပညာရှင် တစ်ဦးအား စီစဉ်ပေးရန်အတွက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အနေနှင့် တာဝန်ရှိပါသည်။

### ဆုံးဖြတ်ချက်အဖြေ ရရှိရန်အတွက် အချိန်မည်မျှကြာမည်နည်း။

- သင်ထွက်ဆိုသော အမှု၏အခြေအနေပေါ်တွင် မူတည်ပြီး၊ ၁ လ မှ ၆ လ အထိ ကြာနိုင်ပါသည်။

### အကယ်၍ ကျွန်ုပ်အား ပထမအကြိမ်၌ အသိအမှတ်မပြုခဲ့ပါမူ။

- အကယ်၍ သင့်အား အနုတ်လက္ခဏာ အဖြေပေးပါက၊ ရက်ပေါင်း ၃၀ မကျော်မီ အယူခံဝင်၍ လျှောက်လွှာ တင်သွင်းနိုင်ပါသည်။သင် တင်သွင်းထားသော အယူခံလျှောက်လွှာကို အခြားသော အရာရှိအသစ်တစ်ဦးမှ စစ်ဆေးပေးမည် ဖြစ်ပါသည်။
- ဒုတိယအရာရှိသည် ပထမအရာရှိ၏ ဆုံးဖြတ်ချက်များအား ပြန်လှန်စစ်ပြီးလျှင် သင့်အား ဒုက္ခသည်အဖြစ်သတ်မှတ်ပေးပိုင်ခွင့် ရှိပါသည်။ အကယ်၍ ပထမဆုံးဖြတ်ချက်အား အတည်ပြုပါက သင်၏အမှုတွဲကို ပိတ်လိုက်မည် ဖြစ်ပါသည်။
- သင်၏ အယူခံလွှာအား ဆုံးဖြတ်အဖြေပေးရန်အတွက် ၁နှစ်ခန့် ကြာမြင့်နိုင်ပါသည်။

## ကျေးဇူးပြု၍ မှတ်သားထားရန် အချက်များမှာ

- အကြောင်းအရာအမျိုးမျိုး၊ နောက်ခံသမိုင်းအမျိုးမျိုးနှင့် မိမိ မိခင်နိုင်ငံမှ ထွက်ပြေးခဲ့ရသော လျှောက်ထားသူတိုင်း၏ အမှုတစ်ခုချင်းစီကို ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ စည်းမျဉ်းစည်းကမ်းနှင့် အဆင့်ဆင့် ဆောင်ရွက်ပေးသည့် လုပ်ထုံးလုပ် နည်းများအတိုင်း ဆောင်ရွက်ပေးမည် ဖြစ်သည်။ ဒုက္ခသည်များ အသိုင်းအဝန်းတွင် ပျံ့နှံ့နေသည့် (မည်သို့သော အဖြစ်အပျက်များ တင်ပြမှသာ အသိအမှတ်ပြုခံရမည်ဆိုသော) ကောလာဟာလ စကားများအား မယုံမိကြရန် သတိထားပါ။
- သင်၏ကိုယ်ရေးမှတ်တမ်း အချက်အလက်များ၊ ထွက်ဆိုမှုများသည် လွဲမှားစွာ ဖေါ်ပြထားကြောင်း တွေ့ရှိပါက မတရားလိမ်လည်ရာ မြောက်ပါသည်ဟု အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ သတ်မှတ်သည်။ သင့်အမှုအားဆုံးဖြတ်ရာတွင် အနုတ်လက္ခဏာ ဖြစ်နိုင်သဖြင့် အထက်ပါ အကြောင်းအရာများကို သတိထားရပါမည်။ ကုလသမဂ္ဂ မဟာမင်းကြီးရုံးအနေနှင့် သင့်တော်သလို အရေးယူပိုင်ခွင့် ရှိပါသည်။
- သင့် အဘောတူညီချက်မပါဘဲနှင့် သင်၏ ထွက်ဆိုချက်များ၊ စာရွက်စာတမ်းများနှင့် ပါတ်သက်ပြီး လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားမည်ဖြစ်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ အသိပေးလိမ့်မည် မဟုတ်ပါ။ သင်၏ မိခင်နိုင်ငံ အစိုးရကိုလည်း မည်သည့်အခါမှ အသိပေးမည် မဟုတ်ကြောင်း မှတ်သားထားပါ။
- မည်သည့် စာရွက်စာတမ်းကိုမျှ သေချာစွာ ဖတ်ရှု နားမလည်ခဲ့လျှင် သဘောတူ လက်မှတ် မထိုးပါနှင့်။

- မလေးရှားနိုင်ငံအတွင်း နေထိုင်နေစဉ် အခြားသော နိုင်ငံခြားသားများကဲ့သို့ပင် သင်နေထိုင်သော အိမ်ရှင်နိုင်ငံ၏ဥပဒေအား လိုက်နာရမည်။ ၄င်းတို့၏ ထုံးတမ်း စဉ်လာ ရိုးရာဓလေ့များအားလည်း လေးစားရန် လိုအပ်ပါသည်။
- နှုတ်အားဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဝန်ထမ်းများအား စော်ကားကျူးလွန်ပါက မလေးရှားနိုင်ငံ၏ တည်ဆဲဥပဒေကို ချိုးဖေါက်ရာ မြောက်ပါသည်။ ထိုကဲ့သို့ ကျူးလွန်သူအား ရဲစခန်းသို့ တိုင်ကြားမည်ဖြစ်ပြီး ဖမ်းဆီးအရေးယူခြင်း ခံရနိုင်ပါသည်။
- အကယ်၍ သင်သည် စစ်ဘေးကြောင့်သော်၄င်း၊ ဆိုးရွားသော အခြေအနေ တစ်ခုခုကြောင့်၄င်း၊ မိသားစုဝင်များနှင့် အဆက်အသွယ်ပြတ်ပါက **ICRC** ၏ ဝက်ဘ်ဆိုက် http://www.icrc.org/FAMILYLINKS တွင် ရှာဖွေနိုင်ပါသည်။

## ကျွန်ုပ်အနေနှင့် RSD ဌာနအား ဘယ်လို ဆက်သွယ်ရမည်နည်း

**RSD** နှင့် ပတ်သက်သော မေးခွန်းတစ်ခုခု မေးမြန်းလိုပါက mlslursd@unhcr.org သို့ အီးမေးလ်ပို့ ဆက်သွယ်ပါ။

**(RSD)** ဖြေဆိုရန်အတွက် သီးခြားမေးခွန်းများ၊ လိုအပ်သော စာရွက်စာတမ်းများအား ထပ် မံတင်ပြခြင်းတို့အတွက် အထက်ဖေါ်ပြပါ အီးမေးလ်လိပ်စာကို အသုံးပြုပါ။ ဖုန်းနံပါတ် အပြောင်းအလဲများအတွက် ဆက်သွယ်နိုင်ပါသည်။

တရားဝင် မှတ်ပုံတင်ခွင့်ရထားသော ဒုက္ခသည်အမြောက်အများ နေ့စဉ်စောင့်ဆိုင်းလျက်ရှိနေသောကြောင့် စိတ်ရှည်လက်ရှည်စောင့်ပေးပါ။ အတတ်နိုင်ဆုံး အကြောင်းပြန်ကြားပေးပါမည်။

အောက်တွင် ဖေါ်ပြထားသော လိပ်စာအတိုင်း စာရေး ပေးပို့နိုင်ပါသည်။

## ဖမ်းဆီးချုပ်နှောင်ခြင်းကိစ္စ

မလေးရှားအစိုးရသည်ဒုက္ခသည်များအား အသိအမှတ်ပြု၍ ကာကွယ်စောင့်ရှောက်ရန် (၁၉၅၁ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်) သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများတွင်မပါဝင်ချေ။ ဆိုလိုရင်းမှာ - မလေးရှားနိုင်ငံအတွင်း နေထိုင်နေစဉ် သင့်အား တရားဝင်နေထိုင်သူအဖြစ် အသိအမှတ်ပြုပေးမည်မဟုတ်ပါ။

### အကယ်၍ ရဲများက ရပ်တံ့စစ်ဆေး၊ ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ပါက

- စိတ်အေးအေးထားပြီး မည်သည့်အတွက်ကြောင့် သင့်အား ဘယ်အတွက်ကြောင့် ဖမ်းဆီးကြောင်းကို မေးမြန်းပါ။
- ရဲများအား သင်၏ကုလသမဂ္ဂကဒ်ပြား၊ စာရွက်ကို ပြသပြီး သင့်နံပါတ်ကို ပြောပြပါ။ ထို့နောက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာ မင်းကြီးရုံး၏ အရေးပေါ် နံပါတ် ၀၁၂ ၆၃၀၅၀၆၀ အားခေါ်ပြီး မေးမြန်းနိုင်ကြောင်းကို ပြောပြပါ။
- သင်၏ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ နံပါတ်နှင့် အရေးပေါ် နံပါတ်များကို အလွတ်ကျက်ထားရန် လိုအပ်သည်။
- **UNHCR** ရုံး၊ သင့်မိတ်ဆွေနှင့် မိသားစုဝင်များအား အရင်ဆုံး ဆက်သွယ် ကြိုးစားပြီးလျှင် သင်၏ **UNHCR** နံပါတ်၊ အဖမ်းခံရသည့်နေရာ မည်သည့်ရဲစခန်းမှ ဖြစ်ကြောင်းနှင့် သင့်အမှုကိုင်သော စုံစမ်းစစ်ဆေးရေး ရဲအရာရှိ၏ ဖုန်းနံပါတ်အား (ရရှိနိုင်ပါက) ပြောပြပေးပါ။

### သင့်အားတရားရုံးသို့ခေါ်သွားသောအခါ

- ကုလသမဂ္ဂဆိုင်ရာ မဟာမင်းကြီးရုံးသို့ တရားစွဲခံနေရကြောင်းကို အကြောင်းကြားပါ။
- တရားသူကြီးအား ကုလသမဂ္ဂ မဟာမင်းကြီးရုံး၊ မိသားစု၊ မိတ်ဆွေအား အကြောင်းကြားလိုကြောင်းကို ပြောပြပါ။
- မလေးစကား နားမလည်ပါက စကားပြန် စီစဉ်ပေးရန် တောင်းဆိုပါ။
- သင်သည် ကုလသမဂ္ဂ၏ စောင့်ရှောက်ထားသူဖြစ်ကြောင်း တရားသူကြီးအား ပြောပြပါ။
- အကယ်၍ သင့်အား စွဲချက်တင်ထားသော ဥပဒေပုဒ်မသည် လူဝင်မှုကြီးကြပ်ရေး ဥပဒေပုဒ်မ အပိုင်း(၆) အခန်း(၁)၊ ပိုဒ်ခွဲ(ဂ) ဖြစ်ပါက အပြစ်မရှိကြောင်း ငြင်းဆိုပါ။ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ("**Kes Kosong**")
- မည်သို့သောအခြေအနေနှင့် ကြုံတွေ့ရ မေးခွန်းများကို နားမလည်ပါက ခေါင်းခါခြင်း၊ ခေါင်းငြိမ့်ခြင်း မလုပ်ပါနှင့်။ စကားပြန်တစ်ဦး လိုအပ်ကြောင်း တောင်းဆိုပါ။ **UNHCR** ဟူ၍ ပြောပြပါ။ လိုအပ်ပါက ထပ်သလဲလဲ ပြောပါ။

အရေးပေါ် အကူအညီ လိုအပ်ပါက mlsluopi@unhcr.org ကိုဆက်သွယ်ပါ။ အသေးစိပ်သိလိုက **UNHCR DETENTION BOOKLET** တွင်ဖတ်နိုင်ပါသည်။

## ဒုက္ခသည် လျှောက်နေဆဲသူများနှင့် ဒုက္ခသည်များအတွက် ဝန်ဆောင်မှုများ

လျှောက်ထားဆဲသူများအတွက် အစိုးရဆေးရုံနှင့် ဆေးခန်းများ အားလုံးသို့ ကုသခွင့်ရှိပြီး နိုင်ငံခြားသားများအား တောင်းဆိုထားသည့် ဈေးနှုန်းအတိုင်း တောင်းဆိုမည်ဖြစ်ပါသည်။ ဒုက္ခသည်များအနေနှင့် အစိုးရဆေးရုံ၊ ဆေးခန်းများတွင် ကျသင့်ငွေ၏ ၅၀%အား လျှော့ချပေးမည် ဖြစ်ပါသည်။ ဒုက္ခသည် လျှောက်ထားဆဲသူများအတွက် အကျုံးမဝင်ပါ။ အစိုးရဆေးရုံ၊ ဆေးခန်းများ၌ ကူးစက်တတ်သော ရောဂါများကို အခမဲ့ ဆေးကုသပေးလျက်ရှိပါသည်။

အခြေခံ ဆေးဝါး ကုသမှုများအတွက် **ACTS Clinic (Brickfields)** နှင့် **Buddhist Tzu-Chi Free Clinic (Jalan Pudu)** တို့၌ အခမဲ့ ဆေးဝါးကုသမှု ခံယူနိုင်ပါသည်။ အသေးစိပ်သိလိုပါက **UNHCR** ကျန်းမာရေး လမ်းညွှန်ထဲ၌လည်း တွေ့ရှိနိုင်ပါသည်။

**ငွေရေးကြေးရေး ထောက်ပံ့ကူညီမှုနှင့် ဆေးဝါးကုသမှုများမှာ ဒုက္ခသည်အဖြစ် အသိမှတ်ပြုခံပြီးသော သူများအတွက်သာ အကျုံးဝင်ပါသည်။** အကယ်၍ သင်၏ ကျန်းမာရေး အခြေအနေသည် အရေးပေါ်ခွဲစိပ်ကုသရန် အရေးတကြီး လိုအပ်ခဲ့လျှင် အစိုးရဆေးရုံ၊ ဆေးခန်းမှ ဆေးစာများဖြင့် **IAD (Individual Assistance Desk)** ဌာနသို့ လျှောက်ထားနိုင်သည်။ သင်၏ ဆေးစာများကို စာတိုက်၊ ဖက်စ်နံပါတ်- (၀၃-၂၁၁၇၁၄၉၃) သို့မဟုတ် သင်ကိုယ်တိုင် **IAD** ဌာနသို့ တနင်္လာ၊ အင်္ဂါနှင့် သောကြာနေ့၊ နံနက် ၉ နာရီမှ ၁၁ နာရီ အတွင်း လာရောက်လျှောက်ထားနိုင်သည်။ ကျန်းမာရေး၊ ကူညီထောက်ပံ့မှုနှင့် စပ်လျှင်း၍ အသေးစိပ်သိလိုပါက အီးမေးလ် mlsluiad@unhcr.org မှတဆင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရေရှည်ခံ နည်းလမ်းများ

သင့်အား ဒုက္ခသည်တစ်ယောက်အဖြစ် အသိအမှတ်ပြုသည်နှင့် ခိုလှုံခွင့် စာရွက်စာတမ်းအစား ဒုက္ခသည်ကဒ်ပြားကို ထုတ်ပေးပါမည်။ ထို့နောက် ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံးအနေနှင့် ရေရှည်ခံ နည်းလမ်း၏အဖြေကို ရှာပေးပါမည်။ ဒုက္ခသည်များအတွက် ရေရှည်ခံနည်းလမ်း(၃)မျိုးမှာ မိမိဆန္ဒအရ မိခင်နိုင်ငံသို့ ပို့ပေးခြင်း၊ မိမိနေထိုင်သော နိုင်ငံတွင် နေထိုင်ခွင့်ပေးခြင်းနှင့် တတိယနိုင်ငံသို့ အခြေချရွှေ့ပြောင်းနေရာချပေးခြင်းတို့ ဖြစ်သည်။

### ကာယကံရှင်၏ဆန္ဒအရ မိခင်နိုင်ငံသို့ ပြန်ပို့ပေးခြင်း

ဒုက္ခသည်တစ်ယောက်အနေနှင့် မိမိဆန္ဒအရ မိခင်နိုင်ငံသို့ လုံခြုံစွာ ပြန်နိုင်ပြီဟု ရွေးချယ်ဆုံးဖြတ်ခဲ့လျှင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ သင့်အား ကူညီမည်ဖြစ်သည်။

### မိမိနေထိုင်နေသော နိုင်ငံတွင် နေထိုင်ခွင့်ပေးခြင်း

ဒုက္ခသည်တစ်ယောက်အား မိမိခိုလှုံနေသောနိုင်ငံမှ တရားဝင် ဆက်လက်နေထိုင်ခွင့်ပေးပြီး၊ ယင်းနိုင်ငံ အာဏာပိုင်များ၏ ကာကွယ်မှုအောက်တွင် နိုင်ငံသားတစ်ဦး၏ ခံစားခွင့်အတိုင်း အပြည့်အဝရရှိမည် ဖြစ်ပါသည်။

### တတိယနိုင်ငံသို့ အခြေချနေထိုင်ခွင့်ပေးခြင်း

ဒုက္ခသည်တစ်ယောက်သည် မိမိခိုလှုံနေသောနိုင်ငံမှ အခြားနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခွင့်ပေးပြီး ယင်းနိုင်ငံ၌ အခြေချနေထိုင်စေခြင်းကို ဆိုလိုသည်။ **အခြေချနေထိုင်စေခြင်းသည် ဒုက္ခသည်၏ အခွင့်အရေးမဟုတ်ပါ။**
ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေနှင့် မည်သည့်နိုင်ငံသို့ သွားပါဟူ၍ တရားဝင် ပို့ပေးပိုင်ခွင့်မရှိပါ။ အကယ်၍ သင့်အား တတိယနိုင်ငံ သို့ အခြေချနေထိုင်ရန် ရွေးချယ်ခံရပါက ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအနေနှင့် သင့်အမှုနဲ့ ပါတ်သက်ပြီး အကြံပေးဆွေးနွေးခြင်းနှင့် လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ အရေးကြီးမှတ်သားရမည့်အချက်မှာ ဒုက္ခသည်တိုင်းသည် တတိယနိုင်ငံသို့ အခြေချနေထိုင်ရန် အရည်အချင်းမပြည့်ဝနိုင်သလို၊ ဒုက္ခသည်တိုင်းကိုလည်း ကုလသမဂ္ဂ မဟာမင်းကြီးရုံးမှ အခြေချနေထိုင်ခွင့်ရရန် ဆက်သွယ် လုပ်ဆောင်ပေးခြင်းခံရမည် မဟုတ်ပါ။

*တာရှည်ခံနည်းလမ်းများ ဖြေရှင်းပေးသော ဌာနသို့ အီးမေးလ်ဖြင့် ပို့လိုပါက* mlslurst@unhcr.org *သို့ ပို့နိုင်ပါသည်။ နေ့စဉ် ဆက်သွယ်စုံစမ်းသူ အရေအတွက်များပြား သဖြင့် မိမိအလှည့်ရောက်ရန် သည်းခံပါ။ ရုံးမှလည်း အမြန်ဆုံး ဆက်သွယ်ပေးပါမည်။*

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဝန်ဆောင်မှု အားလုံးသည် အခမဲ့ ဖြစ်သည်။ အဆိုပါ ဝန်ဆောင်မှုများအတွက် လူတစ်ဦးတစ်ယောက်မှ သင့်အား အခကြေးငွေ တောင်းဆိုပါက ရုံးရှေ့ရှိ **COMPLAINING BOX** ထဲသို့ စာထည့်၍သော်၄င်း၊ mlslu@unhcr.org သို့ အီးမေးလ်ဖြင့်သော်၄င်း သတင်းပေး ပို့နိုင်ပါသည်။

## UNHCR သို့ ဆက်သွယ်ရန်

| လိပ်စာ | ဝက်ဘ်ဆိုဒ် |
|---|---|
| **UNHCR Representation in Malaysia**<br>**570, Jalan Bukit Petaling**<br>**P.O. Box 10185,**<br>**50706 Kuala Lumpur**<br>**Telephone: +603 2118 4800**<br>**Fax: +603-2141 1780**<br>**Email:** mlslu@unhcr.org | http://www.unhcr.org.my/<br>မလေးရှားနိုင်ငံအတွင်း နေထိုင် နေစဉ် အထက်တွင် ဖေါ်ပြထားသော လိပ်စာအင်တာနက်လိပ်စာအား အမြဲတမ်းကြည့်ရှုပါ။ 'ဒုက္ခသည်များနှင့်ပတ်သက်သော သတင်း အချက် အလက်'ကဏ္ဍကို ဖတ်ရှုခြင်းဖြင့် သင့်အတွက် အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ |

သင်၏ အမှုကိစ္စနှင့် ပတ်သက်ပြီး **UNHCR** သို့ စာရေးသား၍ သော်၄င်း၊ ဖုန်းဖြင့် ဆက်သွယ်၍ သော်၄င်း၊ လူကိုယ်တိုင် လာရောက်ဆက်သွယ်သည့်အခါတိုင်း သင်၏ အမှုတွဲနံပါတ်ကို အမြဲတမ်း ကိုးကားပါ။ သင့် အမှုတွဲနံပါတ်ကို မည်သူကိုမှ ပေးမသိစေရ။

## တိုင်ကြားခြင်း

ညှင်းပန်းနှိပ်စက်ခံရခြင်း၊ နှောက်ယှက်ခံရခြင်း၊ မသင့်လျော်သော အပြုအမူ သို့မဟုတ် မတရား ဖိနှိပ်ခံရခြင်းများအတွက် တိုင်ကြားလိုပါက **UNHCR** ရုံးရှေ့ရှိ **COMPLAINING BOX** ထဲသို့ စာထည့်၍ သော်၄င်း mlslu@unhcr.org သို့ အီးမေးလ် ဖြင့်သော်၄င်း သတင်းပေး ပို့နိုင်ပါသည်။
သင်၏တိုင်တမ်းစာနှင့်ပါတ်သက်ပြီး သတင်းပေါက်ကြားမှုမရှိစေဘဲ အလေးထားဖြေရှင်းပေးသွားမည် ဖြစ်ပါသည်။

သတိပြုရမည့်အချက်မှာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံအနေနှင့် ပစ်စာများအား ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ပါ။